# အသိပေးကြေညာချက်

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနအနေဖြင့် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၂၀၁၇ စတင်အာဏာတည်ပြီး ဥပဒေပြဋ္ဌာန်းချက်များနှင့် အညီ အီလက်ထရောနစ် ကုမ္ပဏီ မှတ်ပုံတင်စနစ် (MyCO) အား စတင်အသုံးပြုလျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့နှင့် ၂၀ ရက်နေ့တို့တွင် MyCO စနစ်အား နည်းပညာအဆင့်မြှင့်တင်မှုများဆောင်ရွက်သွားမည်ဖြစ်ပါသည်။ MyCO စနစ်အသုံးပြုသူများအနေဖြင့် အဆိုပါနေ့ရက်များတွင် MyCO စနစ်အား ဝင်ရောက်အသုံးပြုရာတွင် ယာယီဝင်ရောက်၍ မရသည့် အခြေအနေများ ကြုံတွေ့နိုင်ပါသည်။

၃။ သို့ဖြစ်ပါ၍ ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့နှင့် ၂၀ ရက်နေ့တို့တွင် နှစ်စဉ်အစီရင်ခံစာ နောက်ဆုံးတင်ပြရန်ရှိသည့် ကုမ္ပဏီများအနေဖြင့် အဆိုပါနေ့ရက်များမတိုင်မီ ကြိုတင်တင်ပြထားနိုင်ပါရန် အသိပေးတိုက်တွန်းအပ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန**